# တိုက်ပွဲအခြေအနေထုတ်ပြန်ကြေညာခြင်း

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၉) ရက်နေ့။

စက်တင်ဘာလ (၉) ရက်နေ့ ညနေ (၆း၃၀) ခန့်တွင် အကြမ်းဖက်စစ်ကောင်စီတပ်များသည် ဒီးမော့ဆိုမြို့နယ်၊ ရဲစခန်းနှင့် ဒီးမော့ဆိုအခြေစိုက်တပ်ရင်းများမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့်ရမ်းသမ်းပစ်ခတ်ခဲ့ပါသည်။ ဒီးမော့ဆိုမြို့နယ်၊ ငွေတောင်နှင့် ဒီးမော့ဆို ရဲစခန်းအနီးတစ်ဝိုက်ရှိ ရပ်ကွက်များသို့ လက်နက်ကြီးများကျရောက်ပေါက်ကွဲခဲ့ပါသည်။

ထိုနည်းတူ ဘောလခဲမြို့နယ်၊ နန်းဖဲကျေးရွာအနီး အကြမ်းဖက်စစ်ကောင်စီတပ်များမှ အကြောင်းမဲ့လက်နက်ကြီးများဖြင့်ပစ်ခတ်ခဲ့သဖြင့် တောင်ယာအတွင်း နမ်းခုတ်နေသော အရပ်သားပြည်သူများကိုထိမှန်ကာ အမျိုးသမီးတစ်ဦး လက်နက်ကြီးထိမှန် သေဆုံးခဲ့ပြီး၊ (၄) ဦးဒဏ်ရာရခဲ့ပါသည်။ ဒဏ်ရာရသူ (၄) ဦးအနက် တစ်ဦးမှာ ဒဏ်ရာပြင်းထန်သည်ဟုသိရပါသည်။

အကြမ်းဖက်စစ်ကောင်စီတပ်များသည်၊ ဒီးမော့ဆိုကျေးရွာအုပ်စုရှိ ကျေးရွာတစ်လျှောက်တွင် တပ်များ ဖြန့်ကျက်ထားလျက်ရှိပြီး၊ လက်နက်ကြီးများဖြင့်ဆက်တိုက်ပစ်ခတ် လျက်ရှိသော်လည်း နှစ်ဖက်ထိတွေ့တိုက်ပွဲများ မရှိသေးပေ။

KNDF သတင်းနှင့် ပြန်ကြားရေးဌာန